ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

ရုံးတွင်းညွှန်ကြားလွှာအမှတ်(၃၄/၂၀၁၉)

အကြောင်းအရာ။ ဆိပ်ကမ်းများမှ Brand New Car Spare Parts များအား စစ်/ထုတ် စနစ်ဖြင့် ပြောင်းလဲထုတ်ယူခွင့်ပြုခြင်းကိစ္စ

၁။ ဆိပ်ကမ်းများမှ Brand New Car Spare Parts များအား ရှင်းလင်းထုတ်ယူရာ၌ ကြိုတင်စစ်ဆေးမှုဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်မလိုဘဲ စစ်/ထုတ် စနစ်ဖြင့် ရှင်းလင်းထုတ်ယူခွင့်ပြုလျက်ရှိပါသည်။

၂။ Brand New Car Spare Parts များအား စစ်/ထုတ်စနစ်ဖြင့် ရှင်းလင်းထုတ်ယူရာတွင် ပိုမိုလွယ်ကူလျင်မြန်ပြီး အဆင်ပြေချောမွေ့စေရေးအတွက် တင်သွင်းမည့်ကုမ္ပဏီများနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အောက်ဖော်ပြပါအတိုင်း လိုက်နာသွားရန် ညွှန်ကြားလိုက်သည်-

(က) တင်သွင်းမည့် Car Spare Parts များအားလုံးသည် Brand New များသာဖြစ်ရမည်။

(ခ) သွင်းကုန်ကြေညာလွှာ (ID) တွင် ဖော်ပြကြေညာထားသည့် HS Code များနှင့် တင်သွင်းလာသည့် Brand New Car Spare Parts များ၏ HS Code များသည် ကိုက်ညီမှန်ကန်မှုရှိရမည်။

(ဂ) သွင်းကုန်ကြေညာလွှာ (ID) တွင် ဖော်ပြကြေညာထားသည့် အရေအတွက်များ၊ Brand ၊ Sub-Brand ၊ Country of Origin ၊ Horse Power ၊ Part Number နှင့် Weight စသည့် ဖော်ပြချက်များ ကိုက်ညီမှန်ကန်မှုရှိရမည်။

(ဃ) တင်သွင်းလာသည့် Brand New Car Spare Parts များ၏ အကောက်ခွန်စည်းကြပ်တန်ဖိုးနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၇) ပါ တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) မော်တော်ယာဉ်အစိတ်အပိုင်းများ တင်သွင်းမှုအတွက် အခါအားလျော်စွာ ထုတ်ပြန်သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) သွင်းကုန်ကြေညာလွှာ (ID) နှင့်အတူ ပူးတွဲတင်ပြရမည့် အထောက်အထားစာရွက်စာတမ်းများ၊ Catalogue များနှင့် အသေးစိတ်ဖော်ပြချက်များကို ပြည့်စုံမှန်ကန်စွာ တင်ပြရမည်ဖြစ်ပြီး မှန်ကန်ကြောင်း ကြေညာလွှာတင်သွင်းသူမှ တာဝန်ယူရမည်။

Scanned with CamScanner

(ဆ) တင်သွင်းလာသည့် Brand New Car Spare Parts များတွင် အခြားယန္တရား Spare Parts များ ရောနှောပါရှိလာပါက အသေးစိတ် ခွဲခြားဖော်ပြပေးမှသာ အခွန်စည်းကြပ်မှု ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် HS Code အား အသေးစိတ် ခွဲခြားဖော်ပြပေးရမည်။ (မော်တော်ယာဉ်နှင့် ပတ်သက်မှုမရှိသည့် အခြားယန္တရား Spare Parts များကို ရောနှောသယ်ဆောင်လာပါက စစ်/ထုတ် စနစ်ဖြင့် စည်းကြပ်မှုပြုလုပ်ဆောင်ရွက်ပေးမည်မဟုတ်ပါ။)

(ဇ) တင်သွင်းသည့်ပစ္စည်းများသည် မျက်မြင်စစ်ဆေးချိန်တွင် ကွဲလွဲကြောင်း တွေ့ရှိပါက အဆိုပါတင်သွင်းသူနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူ၏ နောက်တင်သွင်းမည့် Shipment များ၌ ကြိုစစ်ဆောင်ရွက်ရမည်။

(ဈ) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် အကောက်ခွန်လျှော့နှုန်းခံစားထားသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြကြေညာထားချက်နှင့် မြေပြင်စစ်ဆေးတွေ့ရှိချက် ကွဲလွဲကြောင်း စစ်ဆေးတွေ့ရှိရပါက အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ပယ်ဖျက်၍ ပြန်လည်စည်းကြပ်မည် ဖြစ်ပြီး ကျသင့်အခွန်အခများ ပေးဆောင်ရမည်ဖြစ်ပါသည်။

(ည) စစ်/ထုတ်စနစ်ဖြင့် ထုတ်ယူခြင်းမပြုဘဲ ကြိုတင်စစ်ဆေးမှု ဆောင်ရွက်လိုပါက MACCS စနစ်တွင် ကြိုတင်ဖြည့်သွင်းကြေငြာရမည်။

(ဋ) ယန္တရား Spare Parts များအားလုံးအတွက် ကြိုတင်စစ်ဆေးမှု ဆောင်ရွက်ရန် ဖြစ်ပြီး စစ်/ထုတ် စနစ်ဖြင့် ဆောင်ရွက်ခွင့်မပြုပါ။

၃။ မြေပြင်စစ်ဆေးချက်များနှင့် ကြေညာထားသည့် စာရွက်စာတမ်းပါ အချက်အလက်များ ကွဲလွဲမှုရှိခြင်း၊ ကုမ္ပဏီမှ Inform to Customs တွင် (A) ရွေးချယ်ထားသော်လည်း Under Value ဖြစ်ခြင်း၊ HS Code မှားယွင်းဖော်ပြခြင်းများ စစ်ဆေးတွေ့ရှိပါက ရုံးချုပ်သို့ ပြန်လည်တင်ပြစေပြီး လိုအပ်ပါက Valuation Section သို့ ပေးပို့၍ ထပ်မံအခွန်စည်းကြပ်ကောက်ခံသွားမည်ဖြစ်သည်။

၄။ ဤညွှန်ကြားလွှာသည် ထုတ်ပြန်သည့်ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(Signature) ၂၂၊၁၀၊၂၀၁၉

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
လှမင်းထွေး၊ ညွှန်ကြားရေးမှူး (စီမံ)

စာအမှတ်၊ ၃၃ - ၀၈ / ၂၀၁၉ (၂၃၁၇)
ရက်စွဲ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်

Scanned with CamScanner

ဖြန့်ဝေခြင်း

ညွှန်ကြားရေးမှူးများ (ကာ၊ ထုတ်/သွင်း၊ နယ်၊ စစရ၊ ထောက်/ပို့၊ ဘဏ္ဍာ၊ MACCS)

ဒုတိယညွှန်ကြားရေးမှူးများ (ကာ၊ ထုတ်/သွင်း၊ နယ်၊ စစရ၊ စီမံ၊ ထောက်/ပို့၊ ဘဏ္ဍာ၊ MACCS)

ပြည်နယ်/တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနမှူးများ

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများ

အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

OSS စခန်းများ (မူဆယ်၊ မြဝတီ)

အမြဲတမ်းစစ်ဆေးရေးစခန်းများ (ရေပူ၊ မရမ်းချောင်)

ဌာနခွဲများအားလုံး

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်သူများအသင်း (MCBA)

မိတ္တူကို

ဒုတိယညွှန်ကြားရေးမှူးချုပ် (၁)၊ (၂)

စီမံစိတ် (အပို ၅ စောင်)

ဝန်ကြီးရုံးလုပ်ငန်းဌာနစိတ် (အပို ၃ စောင်)

ဥပဒေရေးရာဌာနစု

ကြော်ငြာသင်ပုန်း

ရုံးလက်ခံ

မျှောစာတွဲ

Scanned with CamScanner